# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## ကမ္ဘောဒီးယား

## Cambodia








အေဒီ (၈) ရာစုမှသည် (၁၃) ရာစုအထိတည်တံ့ခသည့် ခမာအိန်ပါယာထဲတွင် လက်ဟိကမ္ဘောဒီးယားနှင့်ဆက်စပ်နီသည့် ထိုင်းနိုင်ငံ၏အနောက်ပိုင်း၊ လာအိုတောင်ပိုင်း၊ ဗီယက်နမ်အလယ်ပိုင်းနှင့်တောင်ပိုင်းနယ်မြီများပါဝင်ခသည်။ ခမာအိန်ပါယာ၏အထင်ကရလုပ်ရပ်တစ်ခုမှာ အန်ကောဝ့်တ် (Angkor Wat) ကဲသို့သော ကြီးကျယ်ခမ်းနားလှသည့် ဗုဒ္ဓဘုရားပုထိုးတော်များတည်ဆောက်ခြင်းဖြစ်သည်။ ၁၄ ရာစုအလွန်တွင် ဗီယက်နမ်သည် မဲခေါင်မြစ်အအရှိ့ဖက်ကမ်းဟိနယ်မြီများအားလုံးကိုဝင်ရောက်သိမ်းပိုက်သည်။ ထိုနောက်(၁၈)ရာစုတွင် ကမ္ဘောဒီးယားအနောက်ပိုင်းခရိုင်(၃)ခရိုင်ကိုစီယမ်(ထိုင်း)ရှိ့က တိုက်ခိုက်သိမ်းယူလိုက်ပြန်သည်။ ၁၈၆၃ တွင် ကမ္ဘောဒီးယားအပါအဝင် အိန်ဒိုချိုင်းနားဒေသသို့ ပြင်သစ်ရှိ့ ဝင်ရောက်လာပြီး ဒုတိယကမ္ဘာစစ်ကာလ၌ဒေသတွင်းသို့ဂျပန်တပ်များဝင်ရောက်လာရာမှ ကမ္ဘောဒီးယားသည် ၁၉၄၂ မှ ၁၉၄၅ထိ ဂျပန်လက်အောက်တွင်ဟိနိန်ခသည်။ နောက်ပိုင်းတွင်ပြင်သစ်ရှိ့ပြန်လည်ဝင်ရောက်လာပြီး ကမ္ဘောဒီးယားသည် ၁၉၅၃တွင် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာကာ မင်းသားကြီးနိုရိုဒန်သီဟာနု၏ဦးဆောင်မှုဖြင့် နိုင်ငံအစိုးရကိုဖွဲ့စည်းသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အရှိ့တောင်အာသျှ၏ ပင်မနယ်မြီထဲတွင်တည်ဟိပြီး အိမ်နားပါးချင်း ဗီယက်နမ်နိုင်ငံ၏ကျူးကျော်မှုကိုလည်းကောင်း၊ ဆယ်စုနှစ် ၂ ခုနီးပါးကြာမြင့်ခသည့် ပြည်တွင်းစစ်ကာလကိုလည်းကောင်း ခါးသီးစွာဖြတ်သန်းခရသည့်နိုင်ငံဖြစ်သည်။ အေဂုအခါ နိုင်ငံပြန်လည်ထူထောင်ရေးကာလ ဟုခေါ်ရမည်ပင်ဖြစ်ပါသည်။

**တရားဝင်အမည်။** ။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၅၃

**မြို့တော်။** ။ ဖနွမ်းပိန်

**လူဦးရေ။** ။ ၁၅.၄ သန်း (ဂျူလိုင် ၂၀၁၄)

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၂၀၇ ယောက် (၁ စတုရန်းကီလိုမီတာလျှင် ၈၀ ယောက်)

**အကျယ်အဝန်း။** ။ ၆၉၉၀၀ စတုရန်းမိုင် ( ၁၈၁၀၄၀ စတုရန်း ကီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ ခမာ၊ ပြင်သစ်၊ တရုတ်၊ ဗီယက်နမ်၊ ချမ်။

**ကိုးကွယ်သည့်ဘာသာ။** ။ ဗုဒ္ဓဘာသာဝင် ၉၇ ရာနှုန်း၊ မူဆလိမ် ၂ ရာနှုန်း၊ ခရိယံနှင့်အခြား ၁ ရာနှုန်း။

**နီထိုင်သည့်လူမျိုးများ။** ။ ခမာ ၉၀ ရာနှုန်း၊ ဗီယက်နမ် ၄ ရာနှုန်း၊ တရုတ် ၁ ရာနှုန်း၊ အခြား ၅ ရာနှုန်း။

**အစိုးရ။** ။ ပြည်သူ့လွှတ်တော်စံနစ်။

**ငွီကြီးယူနိ။** ။ ၁ ရိုင် လျှင် ၁၀၀ စန်။

**ပြည်တွင်းအသားတင်ထုတ်လုပ်မှုစုစုပေါင်းတန်ဖိုး (ဂျီဒီပီ)။** ။ အမေရိကန်ဒေါ်လာ ၅၀.၇ ဘီလီယံ (၂၀၁၄)

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၆၉ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၁၉၆၇ ခယ်လိုရီ

ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမမာ ချချမ်းသသာ ဟိကတ်ပါစီ။ ။